FMI

## Digital Money Myanmar ကုမ္ပဏီ လီမိတက် ၏ အစုရှယ်ယာများအား ရောင်းချခြင်း

ဖတ်(စ်) မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီ လီမိတက် ( "ကုမ္ပဏီ"နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများ၊ "ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့သည် Digital Money Myanmar Co., Ltd. ("Wave Money") တွင် ပိုင်ဆိုင်သည့် အစုရှယ်ယာ ၃၄ % ကို ၂၀၁၈ ခုနှစ်၊ မတ်လ၊ ၅ ရက်တွင် Yoma Strategic Investments Ltd. ("Yoma Strategic") သို့ အမေရိကန်ဒေါ်လာ ၁၉.၄ သန်းတန်ဖိုးဖြင့် ရောင်းချရန် နှစ်ဘက် ဖြည့်ဆည်းရမည့် အချက်များပါဝင်သည့် အရောင်းအဝယ် စာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

### အရောင်းအဝယ်ဆိုင်ရာအချက်အလက်များ

Wave Money ကုမ္ပဏီ သည် တယ်လီနော ကုမ္ပဏီ၊ ရိုးမဘဏ် နှင့် FMI ကုမ္ပဏီ တို့အကြား ဖက်စပ်ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးလိုင်စင်ရ မိုဘိုင်းလ် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဖြစ်ပြီး ဒီဂျစ်တယ် ငွေလွှဲပြောင်းခြင်းနှင့်ငွေပေးချေမှုစနစ် ကဲ့သို့သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို နိုင်ငံတစ်ဝန်းရှိ ကိုယ်စားလှယ်ပေါင်း ၂၀,၀၀၀ ကျော်ရှိသော ကွန်ရက်ဖြင့် ဝန်ဆောင်မှု ပေးနေသည့် ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ ယခုရောင်းချမှုမှ ရရှိသော ငွေများကို Wave Money ကုမ္ပဏီရှယ်ယာများအား FMI ကုမ္ပဏီမှ ဝယ်ယူစဉ်တွင် FMI ကုမ္ပဏီနှင့် ရိုးမဘဏ်တို့အကြားရှိပြီးဖြစ်သောသဘောတူညီမှုနှင့်အညီ ရိုးမဘဏ်သို့ ပြန်လည်ပေးချေရာ တွင်အသုံးပြုသွားရန် ရည်ရွယ်ထားပါသည်။

သို့ဖြစ်၍ စာချုပ်အရ ဖြည့်ဆည်းရန် အချက်အလက်များ ပြီးစီးပါက အရောင်းအဝယ်ပြီးမြောက်ချိန်တွင် FMI ကုမ္ပဏီ၏ Wave Money တွင် ပိုင်ဆိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ရောင်းချခြင်းမပြုမီ ပိုင်ဆိုင်မှု | ရောင်းချပြီးနောက် ပိုင်ဆိုင်မှု |
|---|---|---|
| FMI ကုမ္ပဏီလီမိတက် | ၄၄% | ၁၀% |

**ထည့်သွင်းစဉ်းစားသည့်အချက်များ**

ယခု ရောင်းချမှု မှ FMI ကုမ္ပဏီ ၏ပင်မထောက်တိုင်တစ်ခုဖြစ်သည့် ဘဏ္ဍာရေးဝန်ဆောင်မှု ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ငွေပင်ငွေရင်းအသစ်များ ရရှိစေမည်ဖြစ်သည့်အပြင် FMI ကုမ္ပဏီ နှင့် မိတ်ဖက်ဖြစ်သည့် Yoma Strategic မှ Wave Money ကုမ္ပဏီ တွင် မဟာဗျူဟာမြောက်ထည့်ဝင် ရင်းနှီးမြှုပ်နှံ ခြင်းဖြင့် Wave Money ကုမ္ပဏီ၏ ရှေ့အလားအလာ ပိုမိုကောင်းမွန်တိုးတက်ဖွံ့ဖြိုးမည်ဖြစ်ပါသည်။ ယခု ရောင်းချမှု သည် ကုမ္ပဏီ နှင့် လက်အောက်ခံကုမ္ပဏီခွဲများအပေါ် တစုံတရာ ထိခိုက်ခြင်း မရှိကြောင်း ကိုလည်း FMI ကုမ္ပဏီမှ သိရှိ နားလည်ပြီး ဖြစ်ပါသည်။

**ဂရုပြုရန်**

အပြီးသတ်သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သော်လည်း ရောင်းချမှုအပြည့်အဝပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းရပ်များကျန်ရှိနေသေးကြောင်း ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာဝင်များအား အသိပေးအပ်ပါသည်။ သို့ဖြစ်၍ အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို ရောင်းဝယ်ရာတွင် ဂရုပြုဆောင်ရွက်ကြပါရန် အသိပေး အပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးထွန်းထွန်း
အလုပ်အမှုဆောင် ဒါရိုက်တာ
၂၀၁၈ ခုနှစ် မတ်လ ၆ ရက်

First Myanmar Investment Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm